# မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား

# သတင်းလွှာ

## အတွဲ ၂၊ (၂၀၂၀) ခုနှစ်၊ အောက်တိုဘာလ။

## ဖွဲ့စည်းမှုဆိုင်ရာ နောက်ဆုံးသတင်း

ဖွဲ့စည်းတည်ထောင်သည့် ပထမ တစ်နှစ်အတွင်း ယန္တရားသည် နယ်ပယ်ကဏ္ဍအများအပြားတွင် သိသိသာသာ တိုးတက်မှု ရှိခဲ့သည်။ ၎င်း၏ ခက်ခဲသည့် လုပ်ပိုင်ခွင့် ဖြစ်သော (၂၀၁၁) ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ၌ ကျူးလွန်ခဲ့သည့် အကြီးလေးဆုံး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ၏ သက်သေခံအထောက်အထားကို စုဆောင်းရန်၊ ထိန်းသိမ်းရန်နှင့် စိစစ်ရန်၊ ကျူးလွန်သူတစ်ဦးချင်းစီ၏ တာဝန်ရှိမှုကို ဖော်ထုတ်ပေးမည့် အမှုတွဲများကို တည်ဆောက်ရန် တာဝန်ကို အကောင်အထည်ဖော်နိုင်မည့် အလုပ်အဖွဲ့နှင့် အခြေခံအဆောက်အအုံတို့ကို တည်ဆောက်ခဲ့သည်။

ယန္တရားသည် နယ်ပယ်အမျိုးမျိုးမှ ကျွမ်းကျင်မှုနှင့် အထူးပြုပညာများ နှံ့နှံ့စပ်စပ် တတ်ကျွမ်းကြသည့် ဝန်ထမ်းများအား အလုပ်ခန့်ထားရေးကို ဦးစားပေးလုပ်ခဲ့ပါသည် -

- မျက်မြင်သက်သေများနှင့် သတင်းအချက်အလက် မျှဝေပေးသူများကို ခိုင်မာစွာ အကာအကွယ်ပေးနိုင်ရန်၊
- လုံခြုံအဆင့်မြင့်သော နောက်ဆုံးပေါ် သက်သေခံအထောက်အထား စီမံရေးစနစ်ကို တည်ဆောက်ခြင်း၊
- ဆိုင်ဘာအွန်လိုင်းနှင့် သတင်းအချက်အလက် လုံခြုံရေးဆိုင်ရာ အန္တရာယ်ကို ကာကွယ်တုန့်ပြန်ခြင်း နှင့်
- ဘာသာစကား အမျိုးမျိုး ပြောဆိုကြသည့် ပါဝင်ဆွေးနွေးသူများနှင့် ပတ်သက်ဆက်စပ်သူများနှင့် ယန္တရားတို့ ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ပေးခြင်း အစရှိသည့် ကိစ္စများကို ချောမွေ့စွာဆောင်ရွက်နိုင်ရန် အပါအဝင်၊ အခြားသော အခက်အခဲများ ဖြေရှင်းရာတွင် အထောက်အကူပြုရန် ခန့်ထားခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုရေး၊ စစ်ရေးသုံးသပ်ချက်၊ လိင်ဆိုင်ရာနှင့် ကျား-မ အ အခြေပြု ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှု၊ ကလေးများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် ပတ်သက်၍ ကျွမ်းကျင်သူများကိုလည်း ၎င်း၏အဖွဲ့တွင် ခန့်ထားပြီးဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂတွင် လက်ရှိ ကြုံတွေ့နေရသည့် ငွေကြေးအခက်အခဲ အခြေအနေကို ထည့်သွင်းစဉ်းစားပြီး၊ လုပ်ငန်းများကို ထိရောက် မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ယန္တရားသည် ၎င်း၏ ဖွဲ့စည်းပုံကို ပြည်လည်ဖွဲ့စည်းခဲ့ပြီး၊ အသုံးစရိတ်တင်ပြ တောင်းခံရာတွင်လည်း ကျစ်ကျစ်လစ်လစ်ဖြင့် တင်ပြခဲ့ပါသည်။ ယခုနှစ်ကုန်တွင် ပြုလုပ်မည့် အထွေထွေညီလာခံတွင် တင်ပြထားသည့် အသုံးစရိတ်ကို အတည်ပြု ဆုံးဖြတ်မည် ဖြစ်ပါသည်။

လွန်ခဲ့သည့် ခြောက်လ ကာလအတွင်း ကိုဗစ် ၁၉ ရောဂါကပ်ဘေးကြီးကြောင့် ယန္တရား အနေဖြင့် သက်ဆိုင်သည့် ပတ်သက်ဆက်စပ်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် သက်သေခံအထောက်အထားကို စုဆောင်းရန်အတွက် ခရီးသွားလာရာတွင် အကန့်အသတ်များစွာ ဖြစ်ပေါ် ခဲ့သည်။ သို့သော်လည်း ဗီဒီယို အသုံးပြုဆွေးနွေးပွဲများနှင့် အွန်လိုင်းမှရရှိနိုင်သည့် သတင်းအချက်အလက်များ စုံစမ်းအသုံးချခြင်း အပါအဝင်၊ ဆန်းသစ်သော နည်းလမ်းများနှင့် အဆင့်မြင့် နည်းပညာများကို အသုံးပြုလျက်၊ လုပ်ငန်းလည်ပတ်မှုများကို အခြေအနေနှင့် အလိုက်ဆောင်ရွက်နိုင်ရန်၊ တိုးတက်မှုများ ရရှိအောင် ဆောင်ရွက်နေပါသည်။

---

**ဤစာစောင်အတွဲတွင်**

**ဖွဲ့စည်းမှုဆိုင်ရာ နောက်ဆုံးသတင်း၊**

**ကမ်းလင့်ဆက်သွယ်ခြင်း လုပ်ငန်းများ၊**

**လူ့အခွင့်အရေး ကောင်စီ၊**

**တရားစွဲဆိုခြင်းဆိုင်ရာ နောက်ဆုံးသတင်း၊**

**မကြာခဏ မေးလေ့ရှိသော မေးခွန်း များ ပါဝင်သည်။**

---

ဥပမာအားဖြင့် (၁) နှစ်ကျော် ဆွေးနွေးမှုများ လုပ်ပြီးနောက် ဖေ့စ်ဘုတ်သည် ယန္တရား၏ တောင်းခံချက်ဖြစ်သည့် သက်သေခံ အထောက်အထားများကို ထိန်းသိမ်းပေးထားရန်၊ ဟူသော တောင်းဆိုချက်ကို မကြာသေးမီက သဘောတူညီခဲ့ပြီး၊ ယန္တရား၏ တောင်းခံချက်များနှင့် တစ်စိတ်တစ်ပိုင်း ကိုက်ညီသည့် သက်သေခံအထောက်အထားများကို စတင်၍ ထုတ်ပြန်ပေး နေလျက်ရှိပါသည်။ ဆွေးနွေးမှုများမှာ ဆက်တိုက်လုပ်ဆောင်နေလျက်ရှိပြီး၊ ပို၍ ဆီလျော် သက်ဆိုင်သော  သက်သေခံအထောက်အထားများ ရရှိလာနိုင်မည်ဟု ယန္တရားအနေဖြင့် မျှော်လင့်ပါသည်။  ယန္တရားသည် မြန်မာနိုင်ငံ အစိုးရအပြင် အခြားသော အဖွဲ့ဝင်နိုင်ငံများနှင့်လည်း သက်ဆိုင်သည့် သတင်းအချက်အလက်များ ရရှိရေးအတွက် ဆက်လက်၍ ကမ်းလှမ်းဆက်သွယ် လျက်ရှိပါသည်။

မြန်မာနိုင်ငံ၌ ကျူးလွန်ခဲ့သည့် ကြီးလေးသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအတွက် တာဝန်ရှိနိုင်သည့် လူပုဂ္ဂိုလ်တစ်ဦးချင်းကို ဖော်ထုတ်ရန်အတွက် အဆိုပါ သတင်းအချက်အလက်များကို စိစစ်ခြင်းများ ပြုလုပ်နိုင်ရန်၊ ရရှိလာသည့် အချက်အလက်များကို လုံခြုံစွာ၊ အထိအခိုက်မရှိ ထိန်းသိမ်း ထားနိုင်သည့် အချက်အလက် စီမံမှုစနစ်ကိုလည်း တပြိုင်နက်တည်း ဖော်ဆောင်လျက်ရှိပါသည်။

(၂၀၂၀) ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့တွင် လူ့အခွင့်အရေး ကောင်စီက **ဆုံးဖြတ်ချက် ၄၃/၂၆** ဖြင့် အိုင်စီစီ နှင့် အိုင်စီဂျေ တရားရုံးများအပါအဝင် နိုင်ငံတွင်း၊ ဒေသတွင်း၊ အပြည်ပြည်ဆိုင်ရာ တရားရုံးများနှင့်  ယန္တရားအကြား၊ အနာဂတ် စုံစမ်းစစ်ဆေးမှုများအတွက် နီးနီးကပ်ကပ်နှင့် အချိန်မှီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။ ဤကိစ္စနှင့် ပတ်သက်၍ ယန္တရားသည် အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) ရှေ့မှောက်တွင် အမှုရင်ဆိုင်နေကြသည့်  ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံများ၏ တောင်းခံချက်ကို တုံ့ပြန်သောအားဖြင့် မူလ သတင်းဖြန့်ဝေပေးသူများ၏ သဘောတူညီချက်ဖြင့်၊ သင့်လျော်သော သတင်းအချက်အလက်များ ဝေမျှပေးလျက် ရှိပါသည်။ အဆိုပါ အမှုကို စစ်ဆေးနေသည့် တရားသူကြီးများအနေဖြင့် သက်ဆိုင်သည့် သက်သေခံအထောက်အထား အားလုံးကို ရယူရန် အရေးကြီးသည်ဟု ယန္တရားက ယုံကြည်ပါသည်။

## ကမ်းလင့်ဆက်သွယ်ခြင်း လုပ်ငန်းများ

ရှုပ်ထွေးနက်နဲသည့် ယန္တရားဆိုင်ရာ လုပ်ငန်းများ ကို အများပြည်သူများ ရှင်းလင်းစွာနားလည်နိုင်ရန်၊ သက်ဆိုင်ရာ ပတ်သက်ဆက်စပ်နေသူများ၏ စိတ်ချယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့် ပေးရန်၊ အများပြည်သူများထံသို့ ယန္တရား အကြောင်းနှင့် ပတ်သက်သည့် ကမ်းလင့်ဆက်သွယ်ခြင်းအလုပ်မှာ ယန္တရား၏ ဦးစားပေးအဖြစ် ဆက်လက်ထားရှိဆဲ ဖြစ်ပါသည်။ တာဝန်ခံမှုနှင့်ဆိုင်သော ယန္တရား၏ လုပ်ပိုင်ခွင့်ကို ထိထိရောက်ရောက် ဖြန့်ဝေအသိပေးထားခြင်းအားဖြင့်၊ ကျူးလွန်သူများ အနေဖြင့် ရာဇဝတ်မှု အသစ်များ ကျူးလွန်ခြင်းကို  တားဆီးနိုင်သည်ဟုလည်း ယန္တရားအနေဖြင့် ယူဆမိပါသည်။

ယန္တရားသည် ပြည်သူလူထုနှင့် ကျယ်ပြန့်စွာ ထိတွေ့ဆက်ဆံနိုင်ရန် ကြိုးပမ်းချက် လုပ်ငန်းများတွင် ထပ်ဆင့်အထောက်အကူပြုစေရန်၊ ၎င်း၏ ဝက်ဆိုက် **iimm.un.org** ကို အင်္ဂလိပ်နှင့် မြန်မာ နှစ်ဘာသာဖြင့် (၂၀၂၀) ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်ခဲ့သည်။ (၂၀၂၀) ခုနှစ် အောက်တိုဘာလတွင် ယန္တရားသည် ဖေ့စ်ဘုတ်တွင် ၎င်း၏ ကိုယ်ပိုင် စာမျက်နှာကို ဖွင့်လှစ်ခဲ့သည်။ ၎င်းကို **facebook.com/MyanmarMechanism** တွင် ကြည့်ရှုနိုင်သည်။ ၎င်း အင်တာနက်စာမျက်နှာနှင့် ဖေ့စ်ဘုတ်တို့အားဖြင့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာရှိ အလွှာစုံလူထုအသီးသီးကို  ယန္တရား၏ လုပ်ပိုင်ခွင့်နှင့် အလုပ်အကြောင်း မှန်ကန်သော၊ အချိန်နှင့်တစ်ပြေးညီ ဖြစ်သော သတင်းအကြောင်းအရာကို ဖြန့်ချိပေးရန် အားထုတ်နေသည့်၊ ယန္တရား၏ အဓိက ဆက်သွယ်ရေးလမ်းကြောင်းများအဖြစ် တည်ရှိလျက်ရှိပါသည်။

မြန်မာနိုင်ငံဆိုင်ရာ
လွတ်လပ်သော
စုံစမ်းစစ်ဆေးမှုယန္တရား

အီးမေး။ ။ iimm@un.org

Signal။ ။ +၄၁ ၇၆ ၆၉၁ ၁၂၀၈

ယန္တရားသည် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ မီဒီယာများနှင့် ဆက်သွယ်ရန်ကိုလည်း ကြိုးပမ်းအားထုတ်ခဲ့သည်။ အထူးသဖြင့် ယန္တရား၏ အကြီးအကဲဖြစ်သူ မစ္စတာ နီကိုလတ်စ်ခွန်ဂျန်အား မြန်မာ မီဒီယာက လူတွေ့မေးမြန်းခဲ့ပြီး၊ သူသည် ယန္တရား၏ အလုပ်၊ ကိုဗစ် ၁၉ ရောဂါကပ်ဘေးကြီး၏ သက်ရောက်မှု၊ မြန်မာနိုင်ငံဘက်က ပူးပေါင်းဆောင်ရွက်မှု[1] အရေးကြီးပုံတို့နှင့် ပတ်သက်သည့် မေးခွန်းများအပြင်၊ မြန်မာနိုင်ငံရှိ ဖြစ်မှုဖြစ်ပွားရာနေရာသို့ ဝင်ရောက် စုံစမ်းနိုင်မှုမရှိခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်(Independent Commission of Enquiry on Myanmar, ICOE) ၏ အစီရင်ခံစာ၊ ၎င်းကို ရေးသားပြုစုပုံနည်းလမ်း နှင့် ရှုပ်ထွေး၍ အောင်မြင်မှုများ မြန်မြန်ဆန်ဆန် မရရှိသော်လည်း၊  မြန်မာနိုင်ငံရှိ လူမျိုးစုများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ခံမှုရှိရန်  အရေးကြီးပုံတို့နှင့် ဆက်နွယ်သည့် မေးခွန်းများကို ဖြေကြားခဲ့ပါသည်။[2]

မစ္စတာ ခွန်ဂျန်သည် ဒေသတွင်းရှိ သတင်းဌာန ဝက်ဆိုက်တစ်ခုတွင်လည်း သူ၏ ထင်မြင်ချက်ဆောင်းပါး တစ်စောင်ကို ရေးသားထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများကို အကူအညီပေးရန်အတွက် ယန္တရားအား ဖွဲ့စည်းခဲ့ကြောင်း[3] ကိုအသားပေးဖော်ပြခဲ့သည်။  ဆက်လက်ပြီး သူ့ ရေးသားချက်တွင်  "ရာဇဝတ်မှုများကို ဆက်လက်ကင်းလွတ်ခွင့်ပေးနေပါက အကြမ်းဖက်မှုများ၊ နစ်နာခံစားရမှုများကိုသာ ဆက်လက်ဖြစ်ပွားစေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်းတွင်လည်း နေရပ်စွန့်ခွာမှုများကို ဆက်လက်ဖြစ်ပွားစေမည် ဖြစ်သကဲ့သို့ အိမ်နီးချင်းနိုင်ငံများတွင် ခိုလှုံရသည့် ဒုက္ခသည်များ ပို၍များလာမည်ဖြစ်ပြီး ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက်လည်း ဆိုးကျိုးများဖြစ်ပေါ်စေမည်ဖြစ်သည်" ဟု ပါဝင်သည်။ သူက ဆက်ပြီးဆိုသည်မှာ "ဖွံ့ဖြိုးရေး၊ များပြားလှသည့် သယံဇာတများမှ အကျိုးအမြတ်များကို ပြည်သူများ အားလုံးမျှဝေခံစားနိုင်သည့်  မြန်မာနိုင်ငံမှ ပြည်သူများ၏ ငြိမ်းချမ်း ကြွယ်ဝသည့် အနာဂတ် ဖြစ်ပေါ်လာရန်မှာ ထိုကဲ့သို့သော ရာဇဝတ်မှုများကို အလွတ်မပေးပဲ အရေးယူသည်ဟု ပြတ်ပြတ်သားသား ကိုင်တွယ်ပြသမှုပေါ်တွင် မှတည်နေသည်။"




အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ အကြောင်းကို  အထူးပြု တင်ပြလေ့ရှိသော တစ်ကမ္ဘာလုံးဆိုင်ရာ အွန်လိုင်း သတင်းဌာနနှင့် လူတွေ့မေးမြန်းရာ၌ ယန္တရား၏ ဒုတိယ အကြီးအကဲဖြစ်သူ မစ္စ ခါအိုရူ အိုကူအိဗူမိ သည် လက်ရှိ ခရီးသွားလာမှု ပိတ်ပင် ကန့်သတ်ချက်များရှိလင့်ကစား ယန္တရားအနေဖြင့် အချက်အလက်များ စုဆောင်းပုံနှင့် အာရှဒေသတွင် နေရာဖြန့်ကျက်ထားလိုပုံတို့ကို ဆွေးနွေးခဲ့ပါသည်။[4] မစ္စ အိုကူအိဗူမိ သည် အပြည်ပြည်ဆိုင်ရာ တရားမျှတရေး လုပ်ငန်းဖြစ်စဉ်၏ ရှုပ်ထွေးနက်နဲမှုအကြောင်း၊ ယန္တရားက လူတွေ့မေးမြန်းမည့်လူများ၏ စိတ်ပိုင်းနှင့် လူမှုရေးဆိုင်ရာ၊ ဆေးဝါးဆိုင်ရာနှင့် လုံခြုံရေးဆိုင်ရာ လိုအပ်ချက်များအတွက် သင့်လျော်သော အထောက်အပံ့များ မပျက်မကွက် လက်ခံရရှိရန်  အရေးကြီးပုံတို့ကို ပြောဆိုခဲ့သည်။

ယန္တရားသည် မကြာသေးမီ လအနည်းငယ်အတွင်း နိုင်ငံများနှင့် အရပ်သားအဖွဲ့အစည်းမှ ကြီးမှူးကျင်းပခဲ့သည့် အောက်ပါ အခမ်းအနားများတွင်လည်း ပါဝင်တက်ရောက်ခဲ့သည် -

- Legal Action Worldwide ၊ Shanti Mohila နှင့် Burmese Rohingya Organisation UK တို့မှ (၂၀၂၀) ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်တွင် စီစဉ်သည့် ရိုဟင်ဂျာများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှု ဆွေးနွေးပွဲ၊
- ရိုဟင်ဂျာ လွတ်မြောက်ရေး ညွန့်ပေါင်းအဖွဲ့က (၂၀၂၀) ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်တွင်  ကြီးမှူးကျင်းပသည့် (၂၀၁၇) ခုနှစ် မြန်မာ လူမျိုးတုံးသတ်ဖြတ်မှု အထိမ်းအမှတ်နေ့ တစ်ကမ္ဘာလုံးဆိုင်ရာ လှုံ့ဆော်ချီတက်ပွဲ၊
- ဘင်္ဂလားဒေ့ရှ်၊ ကနေဒါ၊ ဆော်ဒီအရေးဘီးယားနှင့် တူရကီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမြဲတမ်း မစ်ရှင်တို့က (၂၀၂၀) ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်တွင် ကြီးမှူးကျင်းပသည့် ရိုဟင်ဂျာ အကျပ်အတည်း လေးနှစ်မြောက် အခမ်းအနား ။        ။ တည်တံ့ခိုင်မြဲမည့် ဖြေရှင်းချက်ရရှိရေး ရင်ဆိုင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများဆွေးနွေးပွဲ၊ နှင့်
- International Bar Association(IBA) ၏ စစ်ရာဇဝတ်မှု ကော်မတီ က (၂၀၂၀) ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်တွင် ကျင်းပခဲ့သည့် ခေတ်သစ် တာဝန်ခံမှုဆိုင်ရာ လုပ်ငန်းစဉ်များ၏ အခက်အခဲများနှင့် အခွင့်အလမ်းများ ဖြစ်သည်။

---

[1] https://iimm.un.org/rfa-burmese-interview-with-nicholas-koumjian-part-1/
[2] https://iimm.un.org/rfa-burmese-interview-with-nicholas-koumjian-part-2/
[3] https://www.bangkokpost.com/opinion/opinion/1925552/were-watching-you-myanmar
[4] https://www.justiceinfo.net/en/other/45516-myanmar-mechanism-knocking-at-naypyidaw-door.html



ရှေ့ဆက်ပြီးလည်း ယန္တရားသည် ၎င်း၏ ဆက်သွယ်လုပ်ဆောင်မှု၊ ပြည်သူလူထုနှင့် ကမ်းလင့်ဆက်သွယ်မှု နည်းဗျူဟာကို ဆက်လက် အကောင်အထည်ဖော်မည်ဖြစ်သည်။ ယန္တရားသည် အမျိုးမျိုးသော ပတ်သက်ဆက်စပ်သူများအား အချိန်နှင့်တစ်ပြေးညီဖြစ်ပြီး တိကျသည့် သတင်းအချက်အလက်များကို ပေးပို့သွားနိုင်ရန်အတွက်၊ အခြေအနေပေါ်လိုက်ပြီး ထို နည်းဗျူဟာကို အပြောင်းအလဲများ ပြုလုပ်မည်ဖြစ်သည်။ ပြည်သူလူထု ဆက်သွယ်ကမ်းလှမ်းမှုနှင့် အရပ်သား အဖွဲ့အစည်း ဆက်သွယ်လုပ်ကိုင်မှုများ အပြင်၊ ယန္တရားသည် ၎င်း၏လုပ်ငန်းတိုးတက်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဒေသဆိုင်ရာအဖွဲ့အစည်းများအား အချိန်နှင့်တစ်ပြေးညီ နောက်ဆုံးအခြေအနေများ ဖြန့်ချီပေးမည်ဖြစ်ပြီး၊ ၎င်းတို့၏ စဉ်ဆက်မပြတ် ပူးပေါင်း ထောက်ခံမှုကိုလည်း ဆက်လက်ထိန်းသိမ်းသွားမည် ဖြစ်သည်။ ယန္တရား၏ လုပ်ငန်းများနှင့် ပတ်သက်ပြီး စိတ်ဝင်စားကြသည့် အဖွဲ့ဝင်နိုင်ငံများ၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ တောင်းဆိုလာပါက လုပ်ငန်းတိုးတက်မှုရှင်းလင်းခြင်း အစီအစဉ်များ ပြုလုပ်သွားရန်ရှိပါသည်။

**(၂၀၂၀) ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၄၅) ကြိမ်မြောက် ပုံမှန် အစည်းအဝေးတွင် နိုင်ငံများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများကြား အပြန်အလှန် ဆွေးနွေးပြောဆိုပွဲအတွင်းမှ ပြောဆိုချက်များမှာ -**

- **ဥရောပ သမဂ္ဂ** ။ ။ "ကိုဗစ် ၁၉ ကာလအတွင်း အခက်အခဲများ ရှိသော်လည်း ယန္တရားအနေဖြင့် ၎င်း၏ လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ရေး လုပ်ငန်းအား မည်ကဲ့သို့ ဆက်လက် ဆောင်ရွက်နိုင်ခဲ့သည်ကို နှစ်ပတ်လည် အစီရင်ခံစာတွင် မှတ်တမ်းတင်ထားသည်။ လုပ်ပိုင်ခွင့်ကို လုပ်ကိုင်ရန်၊ သက်သေခံအထောက်အထား စုဆောင်းရန်နှင့် အများပြည်သူအား ကမ်းလင့်ဆက်သွယ်ခြင်း လုပ်ငန်းများ၊ အထူးသဖြင့် အဆိုပါဒေသအတွင်း ပျက်ကွက်ခြင်းမရှိပဲ ဆောင်ရွက်နိုင်ရန် အတွက် ယန္တရားအနေဖြင့် ဆောင်ရွက်ခဲ့သည့် အရေးကြီးသောလုပ်ငန်းစဉ် အဆင့်ဆင့်ကို အစီရင်ခံစာတွင် ဖော်ပြထားပါသည်။"
- **တူရကီ** ။ ။ "IIMM ၏ သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်လုပ်ကိုင်မှုနှင့်တကွ အများပြည်သူနှင့် ကမ်းလင့်ဆက်သွယ်မှုတို့နှင့် ပတ်သက်ပြီး အလေးထားဆောင်ရွက်ခြင်းကို အသိအမှတ်ပြုပါသည်။ သတင်းအချက်အလက် ဆက်လက် စီးဆင်းနေမှုကို ထိန်းသိမ်းထားခြင်းနှင့် အကြံပြုချက်များ ဖလှယ်ရေးတို့မှာ ယန္တရား၏ အလုပ်ကို ထိန်းသိမ်းထားရန်နှင့် လွယ်ကူချောမွေ့စေရန်အတွက် မရှိမဖြစ် လိုအပ်သောကြောင့် ဖြစ်ပါသည်။"
- **လူ့အခွင့်အရေးများနှင့် ဖွံ့ဖြိုးရေးအတွက် အာရှ ဖာစ်တိုင် (FORUM-ASIA)** ။ ။ "အထူးသဖြင့် အများပြည်သူနှင့် ကမ်းလင့်ဆက်သွယ်မှုကို တောင့်တင်းစေရန်နှင့် သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများအားလုံးနှင့် ဆက်သွယ်လုပ်ဆောင်မှုအတွက် ကြိုးပမ်းမှုများကို ကျွန်ုပ်တို့ ချီးကျူးဂုဏ်ပြုပါသည်။"
- **CIVICUS** ။ ။ "ဒေသခံ လူမှုအဖွဲ့အစည်းများနှင့် ဒေသတွင်းရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် ကမ်းလင့်ဆက်သွယ်မှု၊ ထိတွေ့ဆက်ဆံမှု အကြောင်း ကြိုးပမ်းမှုများကို ကျွန်ုပ်တို့ အထူးသဖြင့် ကြိုဆိုပါသည်။"

# လူ့အခွင့်အရေး ကောင်စီ




မြန်မာနိုင်ငံဆိုင်ရာ ယန္တရား၏ အစီရင်ခံစာ တင်ပြမှုနှင့် အပြန်အလှန် ဆွေးနွေး ပြောဆိုပွဲ ကို UN Web TV တွင် ကြည့်ရှုပါ။

ယန္တရားမှ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းသည့် ၎င်း၏ ဒုတိယအကြိမ် နှစ်ပတ်လည် အစီရင်ခံစာ တွင်၊ ယန္တရားကိုကို ဖွဲ့စည်းပြီး ပထမ တစ်နှစ်အတွင်း သိသာထင်ရှားသော တိုးတက်မှုကို ဖော်ပြထားပြီး၊ ယန္တရား၏ မစ်ရှင်ကို ဆက်လက်ထောက်ခံပေးရန်အတွက် အဖွဲ့ဝင်နိုင်ငံများအား ထပ်လောင်း တောင်းဆိုခဲ့သည်။[5] အဆိုပါ အစီရင်ခံစာကို အထွေထွေညီလာခံသို့လည်း တင်သွင်းခဲ့ပါသည်။[6]

လူ့အခွင့်အရေးကောင်စီက ကြီးမှူးကျင်းပခဲ့သည့် ယန္တရားနှင့် အပြန်အလှန် ဆွေးနွေးပွဲတွင် အဖွဲ့ဝင်နိုင်ငံများနှင့်တကွ အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ယန္တရားအား၊ ၎င်းတို့၏ ထောက်ခံမှုကို ထုတ်ဖော်ပြသခဲ့ပြီး ယန္တရား၏ လုပ်ပိုင်ခွင့်ကို ထမ်းဆောင်ရာ၌၊ ၎င်းတို့အနေဖြင့် ကူညီပံ့ပိုးပေးနိုင်ရန် မည်သည့် ကဏ္ဍတွင် အားထည့်ရမည်ကို မေးမြန်းခဲ့သည်။[7] ကြီးလေးသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် လူ့အခွင့်အရေး ဖောက်ဖျက်ကျူးလွန်မှုများကို ကျူးလွန်သူများအပေါ် တာဝန်ခံယူစေခြင်း၏ အရေးကြီးပုံကိုလည်း အလေးအနက်ပြောဆိုခဲ့ကြပြီး၊ မြန်မာနိုင်ငံအစိုးရအား ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုလိုက်သည်။

မြန်မာနိုင်ငံအကြောင်းကို လူ့အခွင့်အရေး ကောင်စီ၏ အခြားသော အစည်းအဝေး အစီအစဉ်တွင်လည်း ထည့်သွင်း ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံရှိ လူ့အခွင့်အရေး အခြေအနေနှင့် ပတ်သက်၍ အချက်အလက် ရှာဖွေရေး မစ်ရှင်(FFM)မှ အကြံပြုချက်များကို အကောင်အထည်ဖော်ခြင်းဆိုင်ရာ ကိစ္စကို အသေးစိတ် ဆွေးနွေးသည့် အပြန်အလှန် ဆွေးနွေးပွဲတွင်၊ လူ့အခွင့်အရေး မဟာမင်းကြီးက ပြောကြားခဲ့သည်မှာ သူမအနေဖြင့် "တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အရေးပါလှသည့် တရားမျှတမှု ဖော်ဆောင်ပေးခြင်းနှင့် အသွင်ကူးပြောင်းကာလ တရားမျှတမှုရှိရေး လုပ်ငန်းဖြစ်စဉ်များကို ပံ့ပိုးရန်၊ မြန်မာနိုင်ငံ အစိုးရအနေဖြင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးနှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့အစည်းများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန်" ကို ဆက်လက်၍ တိုက်တွန်းပါသည်။[8]

မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်သည် နောက်ဆုံး အခြေအနေကို ကောင်စီသို့ နှုတ်ဖြင့် အစီရင်ခံခဲ့သည်။ သူက မြန်မာအစိုးရအား "အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံး (ICC)ကို လက်ခံပါ၊ ပူးပေါင်းဆောင်ရွက်ပါ" ဟု တောင်းဆိုခဲ့သည်။[9] သူက ဖြည့်စွက် ပြောဆိုခဲ့သည်မှာ "ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များ အပါအဝင်၊ မြန်မာနိုင်ငံ၌ ကျူးလွန်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် ပတ်သက်၍ အနာဂတ် တရားစွဲဆိုမှုများအတွက် အချက်အလက် ဆက်လက် စုဆောင်းမည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရားအား မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း အပြည့်အဝ ပေးအပ်သင့်သည်"ဟု ဖြစ်သည်။

---

[5] https://iimm.un.org/statement-to-the-human-rights-council-by-mr-nicholas-koumjian-head-of-the-independent-investigative-mechanism-for-myanmar-on-the-45th-regular-session-of-the-human-rights-council/
[6] https://undocs.org/A/75/197
[7] https://iimm.un.org/member-states-and-civil-society-show-support-for-myanmar-mechanism-in-interactive-dialogue/
[8] https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=26227&LangID=E
[9] http://webtv.un.org/meetings-events/watch/id-sr-on-human-rights-in-myanmar-20th-meeting-44th-regular-session-human-rights-council-/6171463312001/?term=

# မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ကြီးလေးသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအတွက် တာဝန်ခံမှုရှိရန် ဆောင်ရွက်ဆဲ တရားစွဲဆိုမှုများနှင့် ပတ်သက်၍ နောက်ဆုံးသတင်းများ

**ICJ ။ ။ ဂမ်ဘီယာ နှင့် မြန်မာ**



ဂမ်ဘီယာနှင့် မြန်မာအမှုကို အိုင်စီဂျေတွင် ကြားနာမှုစတင် ဖွင့်လှစ်ခြင်း ( ကုလဓာတ်ပုံ/ အိုင်စီဂျေ-စီအိုင်ဂျေ/ Frank van Beek)

(၂၀၂၀) ခုနှစ် နိုဝင်ဘာလ (၁၁) ရက်နေ့တွင်၊ ဂမ်ဘီယာနိုင်ငံသည်- အစ္စလာမ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Organisation of Islamic Cooperation, OIC) အဖွဲ့ဝင် (၅၇) ဖွဲ့၏ ထောက်ခံမှုဖြင့် အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) သို့ အမှုတင်သွင်းခဲ့သည်။ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများသည် လူမျိုးပြုန်းတီးစေမှု တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ သဘောတူညီချက် စာချုပ် (“ဂျန်နိုဆိုက် ကွန်ဗင်းရှင်း”) အား ဖောက်ဖျက်သည်ဟု အမှု၌ စွပ်စွဲထားသည်။ ဂမ်ဘီယာနိုင်ငံသည် စာချုပ် အပိုဒ် (၉) အရ အမှုကို တင်သွင်းခဲ့သည်။ ၎င်းအပိုဒ်အားဖြင့် “လူမျိုးပြုန်းတီးစေမှုအတွက် တိုင်းပြည်တစ်ခုတွင်ရှိသော တာဝန်ဝတ္တရားနှင့် ပတ်သက်၍” နိုင်ငံများအကြား အငြင်းပွားမှုများကို ICJ တရားရုံးသို့ တင်သွင်းရန် ခွင့်ပြုထားသည်။ မြန်မာနိုင်ငံသည် (၁၉၅၆) ခုနှစ် ကတည်းကစ၍ ဂျန်နိုဆိုက် ကွန်ဗင်းရှင်း သဘောတူညီချက်တွင် ပါဝင်သော အဖွဲ့ဝင်နိုင်ငံ ဖြစ်သည်။ အိုင်စီဂျေ တရားရုံးရှေ့မှောက်ရှိ ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံ အမှုသည် ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၊ ICJ ပြဋ္ဌာန်းဥပဒေနှင့် လူမျိုးပြုန်းတီးစေမှု စာချုပ်တို့တွင် အဖွဲ့ဝင်ဖြစ်သည့် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအကြား “နိုင်ငံတခုမှ နိုင်ငံတခုသို့” တရားစွဲဆိုမှုဖြစ်သည်။ ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံ၏ တောင်းခံမှုကြောင့် ယန္တရားသည် သက်ဆိုင်ရာ အချက်အလက်များပေးအပ်ခြင်း လုပ်ငန်းစဉ်ကို စတင်နေပြီ ဖြစ်သည်။ (၂၀၂၀) ခုနှစ်၊ စက်တင်ဘာလ ( ၂) ရက်နေ့တွင် ကနေဒါနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့သည် ဤအမှု၌ ဝင်ရောက်ပါဝင်ရန် ဆန္ဒရှိကြောင်း ကြေညာခဲ့ပါသည်။ မောလ်ဒိုက်စ်နိုင်ငံသည်လည်း ဝင်ရောက်ပါဝင်ရန် ၎င်း၏ဆန္ဒကို (၂၀၂၀) ခုနှစ်၊ ဖေဖော်ဝါရီလ ကတည်းက ကြေညာထားသည်။

**ICC ။ ။ ဘင်္ဂလားဒေ့ရှ် နှင့် မြန်မာ နိုင်ငံတို့၏ အခြေအနေ**

(၂၀၁၉) ခုနှစ်၊ နိုဝင်ဘာလ (၁၄) ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (ICC) ၏ တရားစီရင်ရေး အကြိုကြားနာရုံး အမှတ် (၃) သည် အိုင်စီစီ တရားလိုရှေ့နေအား ဘင်္ဂလားဒေ့ရှ်နိုင်ငံ/ မြန်မာနိုင်ငံရှိ အခြေအနေနှင့်ပတ်သက်၍ အိုင်စီစီ၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သည်ဟု စွပ်စွဲထားသော ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမှုလုပ်ရန် ခွင့်ပြုခဲ့သည်။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများအား နယ်စပ်ကျော်ဖြတ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်းသို့ အတင်းအဓမ္မ နှင်ထုတ်ခြင်းနှင့် ဆက်နွယ်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမှု ဖွင့်လှစ်ရန် တရားလိုရှေ့နေ၏ တောင်းခံချက်တင်သွင်းပြီးနောက် ဤခွင့်ပြုချက်ကို ချမှတ်ခဲ့သည်၊ မြန်မာနိုင်ငံသည် အိုင်စီစီ၏ ရောမစာချုပ် လက်မှတ်ထိုးထားသည့်အဖွဲ့ဝင် မဟုတ်သော်လည်း ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် ရောမစာချုပ်ကို လက်မှတ်ရေးထိုးထားသည်။ တရားလိုရှေ့နေ၏ တင်ပြချက်အရ၊ ရုံးတွင်စွပ်စွဲခံထားရသည့် အတင်းအဓမ္မလုပ်ရပ်များကြောင့် ရိုဟင်ဂျာလူဦးရေ ခန့်မှန်းခြေ (၆) သိန်းမှ (၁) သန်းသည်၊ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးသွားရသည်ဟု ဆိုသည်။ (၂၀၂၀) ခုနှစ်၊ ဇွန်လ (၂၂) ရက်နေ့တွင် လူ့အခွင့်အရေးကောင်စီက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် ၄၃/၂၆ ဖြင့် ICC တရားရုံးအပါအဝင် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ တရားရုံးနှင့် ယန္တရားအကြား ကြားနာစစ်ဆေးသည့် အနာဂတ် စုံးစမ်းစစ်ဆေးမှု အတွက် အနီးကပ်၊ အချိန်နှင့် တပြေးညီ ပူးပေါင်းဆောင်ရွက်ကြရန် တောင်းဆိုထားသည်။

**အာဂျင်တီးနား တရားရုံးတော်၌ ကမ္ဘာလုံးဆိုင်ရာ စီရင်ပိုင်ခွင့်ကို အသုံးချခြင်း**

(၂၀၂၀) ခုနှစ်၊ မေလတွင် အာဂျင်တီးနားနိုင်ငံ ဗျူနိုအေးရိစ်မြို့ရှိ ဗဟိုအယူခံ တရားရုံးသည် ယခင် ဆုံးဖြတ်ချက်ကို ပယ်ချလိုက်ပြီး၊ တစ်ကမ္ဘာလုံးဆိုင်ရာ စီရင်ပိုင်ခွင့် အခြေခံ စည်းမျဉ်းအရ၊ ရိုဟင်ဂျာများအား လူမျိုးပြုန်းတီးစေမှုနှင့် လူသားအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စပ်လျဉ်း၍၊ မြန်မာနိုင်ငံ စစ်တပ်နှင့် အရပ်ဘက် ခေါင်းဆောင်ပိုင်းတို့အပေါ် စုံစမ်းစစ်ဆေးရန် လျှောက်ထားသည့် အရပ်ဘက်လူမှုအဖွဲ့အစည်း တရားစွဲဆိုမှုကို လက်ခံရန် ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်း (၂၀၂၀) ခုနှစ် ဇွန်လတွင် တရားရုံးတော်သည် ၎င်းအနေဖြင့် အာဂျင်တီးနားနိုင်ငံ၌ စုံစမ်းစစ်ဆေးမှုကို ဖွင့်လှစ်ပေးခြင်းနှင့်ပတ်သက်၍ အပြီးသတ် အမိန့်မချမှတ်မီ၊ ၎င်းပြုလုပ်မည့် စုံစမ်းစစ်ဆေးမှု အတိုင်းအတာကို ICC တရားရုံးမှ ၎င်းအနေဖြင့် တောင်းခံမည်ဟု အမိန့်ချမှတ်ခဲ့သည်။

# မကြာခဏ မေးလေ့ရှိသော မေးခွန်းများ

**ယန္တရားအနေဖြင့် ကိုဗစ် ၁၉ ကာလအတွင်း ၎င်း၏လုပ်ငန်းကို မည်ကဲ့သို့ ထမ်းဆောင်နေပါသနည်း။**

ကိုဗစ် ၁၉ ရောဂါကပ်ဘေးကြီးကြောင့် သက်ဆိုင်ရာ ဆက်စပ်ပါဝင်သူများနှင့် ဆက်သွယ်ရန်၊ သက်သေခံအထောက်အထားကို စုဆောင်းရန်အတွက် ခရီးထွက်သွားလာရန် အကန့်အသတ်များ ဖြစ်ပေါ်ခဲ့ရပြီး၊ အနာဂတ် မစ်ရှင် အစီအစဉ်များနှင့် စပ်လျဉ်း၍ မသေချာ မရေရာမှုကို ဖြစ်ပေါ်စေခဲ့ပါသည်။

ယန္တရားလုပ်ငန်းများ ရှေ့ဆက်နိုင်ရန်အတွက် အွန်လိုင်းမှတဆင့် လုံခြုံစွာ ဆက်သွယ်နိုင်မည့် သတင်း အရင်းအမြစ်များကို ဖော်ထုတ်လျက်ရှိသည်။ ရင်းမြစ်အမျိုးမျိုးမှ ရရှိထားသည့် အချက်အလက်များနှင့် အထောက်အထားများကိုလည်း စုဆောင်းခြင်း၊ ပေါင်းစည်းခြင်းကိုလည်း ပြုလုပ်လျက်ရှိသည်။ နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် နိုင်ငံတကာ တရားရုံး၊ ခုံရုံးများတွင် အသုံးပြုနိုင်သည့် အမှုတွဲများအဖြစ် ပြောင်းလဲနိုင်ရန် အချက်အလက်နှင့် အထောက်အထားများကို သုံးသပ်မှုများ ပြုလုပ်လျက် ရှိပါသည်။ နောက်ဆုံးပေါ် အချက်အလက် စီမံမှုစနစ်ကို တည်ဆောက်လျက် ရှိပါသည်။ တချိန်တည်းမှာပင် မူဝါဒများချမှတ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ပုံ နည်းစနစ်များသတ်မှတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပုံစံများ ညှိနှိုင်းခြင်းကိုလည်း ပြုလုပ်နေသည်။ အဆင့်မြင့် နည်းပညာအသုံးပြုပြီး အွန်လိုင်းမှ ရရှိနိုင်သည့် သတင်းအချက်အလက်များ စုံစမ်းခြင်းနှင့် သက်သေများကို စုစည်းလျက်ရှိပြီး၊ အနာဂတ်တွင် စေလွှတ်မည့် စုံစမ်းရေး မစ်ရှင်၏ လုပ်ငန်းများကို ပြင်ဆင်ရေးဆွဲလျက်ရှိပါသည်။

**ယန္တရား၏ အလုပ်ကို ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် မည်ကဲ့သို့ ပံ့ပိုးပေးနိုင်သနည်း။**

ယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့်ကို အကောင်အထည်ဖော်ရန်အလို့ငှါ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ ထောက်ခံမှုနှင့် ပူးပေါင်းလုပ်ဆောင်မှုအပေါ် မူတည်ပါသည်။ အဆိုပါ ထောက်ခံမှုကို အောက်ပါနည်းလမ်းများဖြင့် ပေးအပ်နိုင်ပါသည် -

- **လုပ်ပိုင်ခွင့်** ။ ။ လူ့အခွင့်အရေးကောင်စီသည် ဆုံးဖြတ်ချက် အမှတ် ၃၉/၂ (၂၀၁၈)* ဖြင့် ယန္တရားကို ဖွဲ့စည်းပေးခဲ့သည်။ ထို့နောက် ယန္တရားကို အထွေထွေညီလာခံက ဆုံးဖြတ်ချက် အမှတ် ၇၃/၂၆၄ (၂၀၁၈)* ဖြင့် ကြိုဆိုခဲ့ပါသည်။ လက်ရှိအချိန်အထိ လူ့အခွင့်အရေးကောင်စီသည် ဆုံးဖြတ်ချက် လေးခုကို လက်ခံအတည်ပြုခဲ့ပြီး၊ အထွေထွေညီလာခံက ယန္တရား၏ လုပ်ပိုင်ခွင့်နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက် နှစ်ခုကို လက်ခံ အတည်ပြုခဲ့သည်။* အဆိုပါ ဆုံးဖြတ်ချက်များကို အဖွဲ့ဝင်နိုင်ငံများ၏ စဉ်ဆက်မပြတ် ထောက်ခံမှုသည် ယန္တရားအတွက် လုပ်ငန်းကို ထိရောက်စွာနှင့် ရေရှည်ဆောင်ရွက်နိုင်ရန် မဖြစ်မနေ လိုအပ်ပါသည်။
- **ဝင်ရောက်ခွင့်** ။ ။ ယန္တရားသည် သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် မျက်မြင်သက်သေများအား လူတွေ့မေးမြန်းခြင်းကဲ့သို့ စုံစမ်းစစ်ဆေးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ နယ်မြေတွင်းသို့ ဝင်ရောက်ရန် လိုအပ်ပါသည်။ ယန္တရား ဝင်ရောက်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက် လိုအပ်သည်။ မျက်မြင်သက်သေများနှင့် အခြားသော သတင်းအချက်အလက် ဖြန့်ချီပေးသူများ၏ လုံခြုံရေး၊ အချက်အလက် မပေါက်ကြားရေးနှင့် အနှောင့်အယှက်မရှိ နေထိုင်နိုင်ရန် ၎င်းအဖွဲ့ဝင်နိုင်ငံများ၏ အကူအညီကိုလည်း လိုအပ်ပါသည်။
- **သတင်းအချက်အလက်များ** ။ ။ (၂၀၁၁) ခုနှစ်မှစ၍ မြန်မာနိုင်ငံ၌ ကျူးလွန်ခဲ့သည့် ကြီးလေးသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေ ချိုးဖောက်မှုများနှင့် ဆက်စပ်နိုင်ကောင်းမည့် ဖွဲ့ဝင်နိုင်ငံများ၏ လက်ဝယ်ရှိ သတင်းအချက်အလက်များ၊ စာရွက်စာတမ်းနှင့် သက်သေခံအထောက်အထားကို ယန္တရားအနေဖြင့် တောင်းခံပါသည်။ ဥပမာ - ဩစတြီးယားနိုင်ငံသည် မကြာသေးမီက ၎င်း၏ "ဥပဒေဆိုင်ရာ ပံ့ပိုးမှုကို ကမ္ဘာ့ကုလသမဂ္ဂ နိုင်ငံများ၏ အဖွဲ့အစည်းများသို့ ပေးအပ်ရန်နှင့် ပတ်သက်သည့် စည်းမျဉ်း" ကို စုံစမ်းစစ်ဆေးရေး၊ သက်သေခံအထောက်အထား ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ဩစတြီးယားနိုင်ငံနှင့် ယန္တရား အကြား ပူးပေါင်းဆောင်ရွက်ရန် အတွက်၊ အတိအလင်း ဥပဒေဆိုင်ရာ အခြေခံတစ်ရပ် ထူထောင်ရန် ပြင်ဆင်ပေးခဲ့သည်။
- **အရင်းအမြစ်ပံ့ပိုးခြင်း** ။ ။ ဆုံးဖြတ်ချက် အမှတ် ၄၂/၃ (၂၀၁၉)* နှင့် ၄၃/၂၆ (၂၀၂၀)* တွင်၊ လူ့အခွင့်အရေးကောင်စီသည် ယန္တရားအား ဝန်ထမ်းခန့်အပ်နေရာချထားရေး၌ ၎င်းလိုအပ်သည့် ပံ့ပိုးမှုနှင့် ရင်းမြစ်များ အလုံအလောက်ရှိနေစေရန် သတ်မှတ်ပေးခဲ့သည်။ .... သို့မှသာ ယန္တရားအနေဖြင့် ၎င်း၏လုပ်ပိုင်ခွင့်ကို ထိရောက်စွာ ထမ်းဆောင်နိုင်မည် ဖြစ်သည်။ ယန္တရားအား အဖွဲ့ဝင်နိုင်ငံများ ထည့်ဝင်ငွေဖြင့် ပံ့ပိုးထားသည့် ကမ္ဘာ့ကုလသမဂ္ဂ ပုံမှန် ရသုံးငွေစာရင်းမှ ပံ့ပိုးသည်။ ထို့ကြောင့် ယန္တရားသည် ၎င်း၏ နှစ်စဉ် ခန့်မှန်းခြေ ရသုံးငွေစာရင်းကို အတည်ပြုပေးရန် အဖွဲ့ဝင်နိုင်ငံများအပေါ် အားထားရပါသည်။ ယန္တရား၏ လုပ်ငန်းတာဝန်သတ်မှတ်ချက်များတွင် သတ်မှတ်ပေးထားသည်နှင့်အညီ ယန္တရားသည် အဖွဲ့ဝင်နိုင်ငံများထံမှ ဆန္ဒအလျောက် စေတနာဖြင့် ထည့်ဝင်ငွေများကိုလည်း တောင်းခံလျက်ရှိပါသည်။

*A/HRC/RES/39/2 (2018), A/RES/73/264 (2018), A/HRC/40/RES/40/29 (2019), A/HRC/RES/42/3 (2019), A/RES/74/246 (2019), A/HRC/RES/43/26 (2020).

**လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းနှင့် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း မည်သို့ကွာခြားသနည်း။**

ယန္တရား၏ လုပ်ပိုင်ခွင့်မှာ သတင်းအချက်အလက်များနှင့် သက်သေခံအထောက်အထားကို စုဆောင်းရန်ဖြစ်ပြီး၊ နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားရုံးများက အတိအကျ တာဝန်ရှိလူပုဂ္ဂိုလ်များကို စီရင်သည့် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆို သောအမှုအခင်းများအတွက်၊ ခိုင်မာသည့် အမှုတွဲများကို တည်ဆောက်ပေးရန်လည်း ဖြစ်ပါသည်။ လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်း သို့မဟုတ် အချက်အလက်ရှာဖွေခြင်းတွင် ပိုမိုကျယ်ပြန့်သော ရည်ရွယ်ချက်များ ရှိပါသည်။ လက်နက်ကိုင် ပဋိပက္ခများ အဆုံးသတ်ပေးရန်အတွက် တိုက်တွန်းနှိုးဆော် ပေးခြင်းနှင့် အမှန်တရားဖော်ထုတ်ခြင်းအပါအဝင် အသွင်ကူးပြောင်းကာလ တရားမျှတရေးကို မြှင့်တင်ပေးခြင်း ကဲ့သို့ ရည်ရွယ်ချက်များ ပါဝင်သည်။ ထို့ကြောင့် လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းတင်ခြင်းရလဒ်အနေဖြင့် ဖာက်ဖျက်ကျူးလွန်မှုများနှင့် ပတ်သက်သည့်အချက်အလက်များသည် အများပြည်သူထံသို့ အစီရင်ခံစာများနှင့် ထုတ်ပြန်ချက်များအဖြစ် ရောက်ရှိသွားကြသည်။ သို့သော် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကို အများအားဖြင့် လျှို့ဝှက်စွာ မပေါက်ကြားအောင် ဆောင်ရွက်ရသဖြင့် အများပြည်သူများ မသိရှိနိုင်ကြပါ။

သက်သေခံအထောက်အထားစံချိန် ( standard of proof) နှင့်ပတ်သက်လာလျှင် လူ့အခွင့်အရေး မှတ်တမ်းတင်မှုသည် ယေဘုယျအားဖြင့် ကျူးလွန်မှုများ ဖြစ်နိုင်လောက်သည်ဟု ယုတ္တိတန်သည့် အခြေအနေ စံချိန် (reasonable ground) တွင် အခြေခံကြသည်။ သို့သော်လည်း ရာဇဝတ်မှုဆိုင်ရာ သက်သေခံ အထောက်အထားစံချိန်မှာ အလွန်တင်းကျပ်သည်။ ပြစ်မှုကျူးလွန်ခဲ့ကြောင်း သံသယမရှိသည်အထိ ချေပနိုင် သို့မဟုတ် လက်ပူးလက်ကြပ်ကျူးလွန်ခဲ့ကြောင်း တင်ပြနိုင်သည် အထိ စွပ်စွဲနိုင်ရန် လိုအပ်သည်။ လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်း နှင့် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းခြင်း လုပ်ငန်းများတွင် အသုံးပြုသည့် နည်းလမ်းမှာလည်း အလွန်ကွာခြားသည်။ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းခြင်းတွင် ဥပဒေ အခြေခံမှုများပေါ်တွင် အခြေခံသည့် ရာဇဝတ်မှုဆိုင်ရာအထောက်အထားများ စုစည်းထားနိုင်ရန်လိုသည်။ သက်သေအထောက်အထား၊ အမှုတွဲ ထိန်းသိမ်းခြင်း၊ ကျူးလွန်မှုမရှိကြောင်း ညွှန်ပြသည့် အထောက်အထား၊ ကျူးလွန်ခဲ့ကြောင်း ညွှန်ပြသည့် အထောက်အထားများ စစ်ဆေးခြင်း အစရှိသည်များ ပါဝင်ရန်လိုသည်။

**မြန်မာနိုင်ငံရှိ ရိုဟင်ဂျာမွတ်စလင်များနှင့် အခြားသော လူနည်းစုများ၏ လူ့အခွင့်အရေး အခြေအနေ**
**အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ (A/75/295)၊ (၂၀၂၀) ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်**

"မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုယန္တရား၏ အလုပ်တွင် တိုးတက်မှု ရှိသည့်အလျှောက် ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် မြန်မာနိုင်ငံ၏ ပူးပေါင်းလုပ်ဆောင်မှုသည် မျက်မြင်သက်သေများ၊ နစ်နာသူများနှင့် အခြားသော အချက်အလက်ရရာ ဇာစ်မြစ်များကို ဝင်ထွက်ရယူရန်အတွက် အရေးပါလွန်းပါသည်။ ပူးပေါင်း ပါဝင်မှသာ ယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့်ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ပြီး (၂၀၁၁) ခုနှစ်မှစ၍ မြန်မာနိုင်ငံ၌ ကျူးလွန်ခဲ့သည့် ကြီးလေးသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအတွက် တာဝန်ခံမှုကို ဖော်ဆောင်နိုင်မည် ဖြစ်သည်။"

"မြန်မာနိုင်ငံရှိ ရိုဟင်ဂျာလူထုအား ကျူးလွန်သည့် ရာဇဝတ်မှု အပါအဝင်၊ ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ခံမှု ဖော်ထုတ်နိုင်ရန်မှာ အလွန်ပင် အရေးကြီးပါသည်။ တာဝန်ခံမှု မရှိလျှင် ငြိမ်းချမ်းရေးနှင့် နိုင်ငံတွင်း ရင်ကြားစေ့ရေး ကြိုးပမ်းမှုများကို နှောင့်နှေးစေပါလိမ့်မည်။ လူသားအပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများအပါအဝင် အကြီးလေးဆုံး ရာဇဝတ်မှုများအား နိုင်ငံအဆင့်၌ ပြစ်မှုအဖြစ် ဥပဒေ ပြဋ္ဌာန်းသတ်မှတ်ခြင်း မရှိသောကြောင့် နိုင်ငံအတွင်း တာဝန်ခံမှုဖော်ထုတ်ရန် အဟန့်အတား ဖြစ်စေသည်။

မြန်မာနိုင်ငံ အပါအဝင် နိုင်ငံများအား မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားအပါအဝင်၊ အခြားတည်ဆဲ တာဝန်ခံမှုဆိုင်ရာ ယန္တရားများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပေးရန် တောင်းဆိုပါသည်။ ပြည်တွင်း ဥပဒေများသည်လည်း နိုင်ငံတကာ ဥပဒေနှင့် အညီ စစ်ရာဇဝတ်မှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ရန်၊ နိုင်ငံတွင်းဆောင်ရွက်သည့် တာဝန်ခံမှု လုပ်ငန်းစဉ်များသည် အဂတိကင်း၊ ပွင့်လင်းမြင်သာ၍ ယုံကြည်ရသည့် အနေအထားဖြင့် ဆောင်ရွက်ရန် တိုက်တွန်းလိုပါသည်။"


မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား

အီးမေး။ ။ iimm@un.org | Signal ။ ။+၄၁ ၇၆ ၆၉၁ ၁၂၀၈ ။

ဝက်ဆိုက်။ ။ iimm.un.org | ဖေ့စ်ဘုတ် ။ ။ facebook.com/MyanmarMechanism ။